ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

# မြန်မာ့ငါးမွေးမြူရေးလုပ်ငန်းများအားလေ့လာခြင်း

**အကျဉ်းချုပ်**

ငါးမွေးမြူရေးကဏ္ဍသည် မြန်မာနိုင်ငံတွင် ဆန်စပါးပြီးနောက် ဒုတိယအရေးပါသော အာဟာရကဏ္ဍနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ငါးစားသုံးမှုမြင့်မားလာသည်နှင့်အမျှ ငါးမွေးမြူရေးလုပ်ငန်းလည်း လျင်မြန်စွာ ဖွံ့ဖြိုးလာသောကြောင့် ဝင်ငွေရရှိစေသည့် လုပ်ငန်းတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါသည်။ မြန်မာနိုင်ငံဂျီဒီပီ၏ သုံးပုံတစ်ပုံမှာ လယ်ယာကဏ္ဍမှဖြစ်ပြီး အသားနှင့် ငါးမွေးမြူရေးကဏ္ဍသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကဖြစ်၍ ယင်းကဏ္ဍသည် နိုင်ငံဂျီဒီပီ၏ ၇ ရာခိုင်နှုန်း ခန့်ရှိပါသည်။ သို့ဖြစ်ပါ၍ ငါးမွေးမြူရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို အားဖြည့်ကူညီ ဆောင်ရွက်ပေးပါက နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် စီးပွားရေးလုပ်ငန်းတစ်ရပ် အဖြစ် ဖြစ်ထွန်းလာနိုင်မည် ဖြစ်ပါသည်။

ဤစာတမ်းတိုတွင် စားနပ်ရိက္ခာဖူလုံရေးအတွက်အရေးပါသည့် ငါးမွေးမြူရေးလုပ်ငန်းတွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ လက်ရှိဆောင်ရွက်ချက်များ၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်တွင်းအဖွဲ့အစည်းများထိရောက်စွာဖွဲ့စည်းထားရှိမှု၊ ပြည်တွင်းစားသုံးရန်နှင့် ပြည်ပ တင်ပို့ရန် တွက်ချေကိုက်သည့် ငါးမျိုးများမွေးမြူရန် လိုအပ်ပုံများ၊ ထို့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍချိတ်ဆက်မှု၏အရေးပါမှု၊ ကြက်နှင့်ငါးတွဲဖက်မွေးမြူခြင်း၏ သက်ရောက်မှုများ၊ ရာသီဥတုပြောင်းလဲမှုမှငါးမွေးမြူရေးအပေါ်သက်ရောက်မှုများနှင့် အထူးသဖြင့် ကိုဗစ်-၁၉ ကာလ တွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ လိုအပ်ချက်များနှင့် ၎င်းအခက်အခဲလိုအပ်ချက်များကို အရှေ့တောင်အာရှ (၃) နိုင်ငံ၏ ဖြေရှင်းဆောင်ရွက်နေပုံများကို သိရှိစေနိုင်ရန် နှိုင်းယှဉ်ရေးသား ထားခြင်းဖြစ်ပါသည်။

စာတမ်းတိုအမှတ်စဉ် (၁၆၂)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ | ၄ |
| ၄။ | နောက်ခံသမိုင်း | ၄ |
| ၅။ | ငါးလုပ်ငန်းဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဖွဲ့စည်းမှု | ၄ |
| ၆။ | မြန်မာ့ငါးလုပ်ငန်းတွင် မွေးမြူလျက်ရှိသည့် ငါးအမျိုးအစားများ | ၅ |
| ၇။ | ပြည်ပသို့ တင်ပို့သည့်အခြေအနေ | ၆ |
| ၈။ | ငါးမွေးမြူရေးဆိုင်ရာ တည်ဆဲဥပဒေများ | ၇ |
| ၉။ | စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍအားချိတ်ဆက်နေမှု | ၈ |
| ၁၀။ | ကြက်နှင့် ငါး တွဲဖက်မွေးမြူမှု၏ သက်ရောက်မှုများ | ၉ |
| ၁၁။ | ရာသီဥတုပြောင်းလဲခြင်းကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ်သက်ရောက်မှုများ | ၁၀ |
| ၁၂။ | ငါးမွေးမြူရေးကဏ္ဍတွင် ကြုံတွေ့နေရသော အခက်အခဲများ | ၁၀ |
| ၁၃။ | ငါးမွေးမြူရေးလုပ်ငန်း၏ လိုအပ်ချက်များ | ၁၁ |
| ၁၄။ | ကိုဗစ်-၁၉ ကာလအတွင်း မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများ | ၁၂ |
| ၁၅။ | အစိုးရနှင့်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုများ | ၁၃ |
| ၁၆။ | အာဆီယံနိုင်ငံ(၃)နိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းများ | ၁၄ |
| ၁၇။ | လေ့လာတွေ့ရှိချက်များ | ၁၇ |
| ၁၈။ | နိဂုံး | ၁၈ |

## နိဒါန်း

၁။ မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကမ်းရိုးတန်းတစ်လျှောက် ကီလိုမီတာ နှစ်ထောင်ကျော် ခန့်ကို ပိုင်ဆိုင်ထားသကဲ့သို့ ကြွယ်ဝသော ရေအဏ္ဏဝါအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေလွှမ်းလွင်ပြင်ဟတ်တာခြောက်သန်းခန့်တို့ကို ပိုင်ဆိုင်လျက်ရှိပါသည်။ ထိုသို့ ပိုင်ဆိုင်သည့် ရေသယံဇာတများကြောင့် ငါးမွေးမြူရေးကဏ္ဍသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ပြည်သူများ အာဟာရပြည့်ဝရေး၊ ဝင်ငွေ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံခြားငွေ ရှာဖွေပေးသည့်ကဏ္ဍကြီး တစ်ခုဖြစ်နေပါသည်။ ငါးမွေးမြူရေးလုပ်ငန်းသည် ပြည်သူများ၏ နေ့စဉ်လိုအပ်သည့်ရိက္ခာများ ကို ဖြည့်ဆည်းပေးခြင်း၊ ရေထွက်ထုတ်ကုန်များအဖြစ် ပြည်ပပို့ကုန်ကဏ္ဍ တိုးတက်လာမည့် အလားအလာရှိခြင်းစသည့် အခွင့်အလမ်းများစွာရှိနေပါသည်။[1]

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတိုရေးသားရခြင်း၏ ရည်ရွယ်ချက်များမှာ-

(က) ငါးမွေးမြူရေးလုပ်ငန်းသည် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အကျိုးပြု သည့် လုပ်ငန်းဖြစ်ကြောင်း သိရှိနိုင်စေရန်၊

(ခ) မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်နေမှုကို သိရှိနိုင်စေရန်၊

(ဂ) ငါးမွေးမြူရေးလုပ်ငန်းတွင် ကြုံတွေ့နေရသောအခက်အခဲများနှင့် လိုအပ်ချက်များ အားသိရှိနိုင်စေရန်၊

(ဃ) ငါးမွေးမြူခြင်းဆိုင်ရာ တည်ဆဲဥပဒေများကို သိရှိနိုင်စေရန်နှင့်

(င) အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်နေမှုများအား သိရှိစေ ရန်ရည်ရွယ်၍ ရေးသားရခြင်းဖြစ်ပါသည်။

[1] ခိုင်သဉ္ဇာဦး (မြင့်တင်၊ ပြည်တွင်း-ရန်ကုန်) ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် မြေအသုံးပြုမှုဆိုင်ရာမူဝါဒများပြောင်းလဲခဲ့ပြီ https://tinyurl.com/y5vw9eb2 စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၁၅-၉-၂၀၂၀)

**အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ**

**၃။** ဤစာတမ်းတိုတွင် အသုံးပြုထားသော သတင်းအချက်အလက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (MFF)၊ အမျိုးသားအဆင့်ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NADP)၊ The Farmer ဂျာနယ်တို့မှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များနှင့် နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာများ၊ FAO website စသည်တို့မှ ကောက်နုတ်ထားခြင်း ဖြစ်ပါသည်။

**နောက်ခံသမိုင်း**

၄။ မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးလုပ်ငန်းကို ၁၉၅၃ ခုနှစ်ဝန်းကျင်ခန့်တွင် စတင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်မှစ၍ စီးပွားဖြစ်လုပ်ကိုင်ခဲ့ပါသည်။ ၁၉၆၇ ခုနှစ်နောက်ပိုင်းတွင် ငါးမွေးမြူရေးဆိုင်ရာ နည်းပညာရပ်များဖွံ့ဖြိုးလာခြင်း၊ ၁၉၈၉ ခုနှစ်တွင် ငါးမွေးမြူရေးဆိုင်ရာဥပဒေ Aquaculture Law ကို ပြဋ္ဌာန်းခဲ့ခြင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်းသည် ခိုင်မာသောစီးပွားဖြစ်လုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအား ပြဋ္ဌာန်းခဲ့ချိန်အထိ နိုင်ငံ၏ စီးပွားရေးကဏ္ဍ၌ ငါးမွေးမြူရေးလုပ်ငန်းပါဝင်မှုသည် အနည်းငယ်သာရှိခဲ့ပါသည်။ ၁၉၆၇ ခုနှစ်နောက်ပိုင်းတွင် စီးပွားရေးတိုးတက်လာခြင်းနှင့်အတူ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းတို့သည် ကျေးလက်ဒေသများရှိ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်သော နည်းလမ်းတစ်ရပ်အဖြစ်လည်းကောင်း၊ အာဟာရပြည့်ဝသည့်စားနပ်ရိက္ခာအရင်းအမြစ်တစ်ရပ်အဖြစ်လည်းကောင်း ရှုမြင်လာ၍ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်လာကြပါသည်။

**ငါးလုပ်ငန်းဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများဖွဲ့စည်းမှု**

၅။ ငါးလုပ်ငန်းကို ၁၉၅၄ ခုနှစ်၊ ဇွန်လမှစတင်၍ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းလက်အောက်သို့ လွှဲပြောင်းပေးခဲ့ပြီး ငါးလုပ်ငန်းစီမံကိန်းဌာနခွဲတစ်ခုအဖြစ် ထပ်မံဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ၁၉၆၁ ခုနှစ်၊ မတ်လ (၂၄) ရက်မှစတင်၍ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းအောက်မှ သီးခြားဌာနတစ်ခုအနေဖြင့် ငါးလုပ်ငန်းဌာနဟု

သတ်မှတ်၍ ဖွဲ့စည်းခဲ့ပါသည်။[2] ၁၉၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်မှစတင်၍ ငါးလုပ်ငန်းဌာနကို ငါးလုပ်ငန်းဦးစီးဌာနဟူ၍ ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

၆။ ငါးမွေးမြူရေးနှင့်ပတ်သက်၍ ပုဂ္ဂလိကအဖွဲ့အစည်းများလည်းများစွာရှိပါသည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်(Myanmar Fisheries Federation–MFF) သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍအား ကိုယ်စားပြုသည့်လုပ်ငန်းအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် သွင်းအားစု၊ မွေးမြူရေး၊ ထုတ်လုပ်ရေးနှင့်ရောင်းချရေးစသော ရေသတ္တဝါမွေးမြူရေးလုပ်ငန်းကွင်းဆက်တစ်ခုလုံးလုပ်ကိုင်ကြသော ကုမ္ပဏီလုပ်ငန်းပေါင်း (၃၅,၀၀၀) ခန့် ပါဝင်ပြီး လုပ်ငန်းခွဲအဖွဲ့ပေါင်း (၁၀) ဖွဲ့ဖြင့် ဖွဲ့စည်းထားပါသည်။[3] MFF တွင် လုပ်ငန်းအဖွဲ့အစည်းများ အပါအဝင် လုပ်ငန်းကဏ္ဍခွဲများမှ အဖွဲ့အစည်းများစွာပါဝင်ပါသည်။ ထိုအဖွဲ့အစည်းများမှာ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး/ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံဂဏန်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံငါးရှဥ့်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအလှမွေးငါးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ်ရောင်းဝယ်သူများအသင်းစသည့် အဖွဲ့အစည်းများ ပါဝင်ပါသည်။[4]

## မြန်မာ့ငါးလုပ်ငန်းတွင် မွေးမြူလျက်ရှိသည့် ငါးအမျိုးအစားများ

၇။ မြန်မာနိုင်ငံတွင် လက်ရှိငါးကန်နှင့် ပုစွန်ကန်ဧက ငါးသိန်းနီးပါးခန့်ရှိပါသည်။ မွေးမြူလျက်ရှိသော ငါးအမျိုးအစားများမှာ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ ငါးတန်၊ ရေချိုငါးမုတ်၊ ထိုင်းငါးခုံးမ၊ တီလာဗီးယား၊ ရွှေဝါငါးကြင်း၊ ငါးရံ့၊ ကကတစ်၊ မျိုးစပ်ငါးခူနှင့် ငါးပြေမအစရှိသည့်ငါးများကို စီးပွားဖြစ်မွေးမြူလျက်ရှိပြီး အခြားငါးအမျိုးအစားများကိုလည်း စမ်းသပ်

---

[2] ငါးလုပ်ငန်းဦးစီးဌာန https://tinyurl.com/y42pxxur မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၇-၁၀-၂၀၂၀)

[3] ငါးလုပ်ငန်းဦးစီးဌာန၏မိတ်ဖက်အဖွဲ့အစည်းများ https://www.mysap-myanmar.com/my/partners/ မြန်မာ့ရေသတ္တဝါမွေးမြူရေးကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း–MYSAP မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၁၉-၁၀-၂၀၂၀)

[4] ပုဂ္ဂလိကကဏ္ဍ၏ ကိုယ်စားလှယ်အဖွဲ့အစည်း ၊အမျိုးသားအဆင့်ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NADP) ၏ Pg 21 မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၂၅-၁၀-၂၀၂၀)

မွေးမြူလျက်ရှိပါသည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ငါးရှဥ့်အပါအဝင် ငါးပြေမသားဖောက်သည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိပါသည်။ ငါးပြေမငါးသည် သုံးလခန့်မွေးမြူပြီးပါက ဈေးကွက်တန်းဝင်သည့်ငါးဖြစ်ကာ ပြည်တွင်း၌ မွေးမြူထုတ်လုပ်သည့် ငါးပြေမအမျိုးအစားမှာ ထိုင်းနိုင်ငံမှ ငါးအမျိုးအစားဖြစ်ပါသည်။ ထို့ပြင် မြန်မာ့မျိုးရင်းနှင့် တူညီသည့်ဗီယက်နမ်နိုင်ငံမှ ငါးပြေမမျိုးစိတ်များကိုလည်း ပြည်တွင်း၌ တိုးချဲ့မွေးမြူလျက်ရှိပါသည်။

## ပြည်ပသို့ တင်ပို့သည့်အခြေအနေ

၈။ မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံပေါင်း (၄၅) နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချလျက်ရှိပါသည်။ ရေထွက်ပစ္စည်းအများဆုံးတင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ စင်ကာပူနှင့်မလေးရှားနိုင်ငံတို့ ဖြစ်ပါသည်။[5] အဓိကတင်ပို့သည့် ငါးအမျိုးအစားများမှာ ငါးမြစ်ချင်းနှင့် ဂဏန်း၊ ငါးရှဥ့်၊ ငါးပေါင်းမှုန့်၊ ဂဏန်းပျော့၊ ငါးတံခွန်၊ ပုစွန်၊ ငါးသားလောက်၊ ငါးခေါင်းပွတို့ ဖြစ်ပါသည်။ နှစ်စဉ်မွေးမြူရေးကန်ဖော်ချိန်တွင် ငါးပိဿာချိန် ၄ သိန်းမှ ၅ သိန်းအထိရရှိနေပြီး ပြည်ပနိုင်ငံများသို့ ပိဿာချိန် ၁ သိန်းခွဲအထိ တင်ပို့နေပါသည်။ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချသည့်ငါးဈေးကွက်၏ ၆၅ ရာခိုင်နှုန်းမှာ ငါးမြစ်ချင်းဖြစ်ပြီး ငါးတန်ငါး မှာ ၁၅ ရာခိုင်နှုန်း၊ ရေချို ငါးမုတ်မှာ ၇ ရာခိုင်နှုန်းနှင့် ငါးကြင်းဖြူမှာ ၄ ရာခိုင်နှုန်းတို့ဖြင့် အသီးသီး ရောင်းချလျက်ရှိပြီး အခြားငါးများမွေးမြူထုတ်လုပ်မှုစုစုပေါင်းမှာ ငါးဈေးကွက်၏ ၉ ရာခိုင်နှုန်းခန့် သာရှိပါသည်။ ပြည်ပသို့ ငါးတင်ပို့နိုင်မှုပမာဏအား အောက်ပါဇယားတွင် လေ့လာနိုင်ပါသည်-

| စဉ် | ခုနှစ် | တင်ပို့သည့်တန်ချိန် |
|---|---|---|
| ၁။ | ၂၀၁၀-၂၀၁၁ | ၂၇၃၀၄၃.၇၄ |
| ၂။ | ၂၀၁၁-၂၀၁၂ | ၂၈၃၆၈၈.၇၆ |
| ၃။ | ၂၀၁၂-၂၀၁၃ | ၂၆၆၄၆၄.၉၇ |
| ၄။ | ၂၀၁၃-၂၀၁၄ | ၂၃၇၁၄၁.၃၁ |
| ၅။ | ၂၀၁၄-၂၀၁၅ | ၂၂၅၉၇၄.၉၃ |

[5] ရေထွက်ပစ္စည်းပြည်ပတင်ပို့မှုအများဆုံးနိုင်ငံ(၄)နိုင်ငံ၊ http://www.dof.gov.mm/index.php/mm/fish-production/113-fishery-stacistics-15-16 ငါးလုပ်ငန်းဦးစီးဌာန မှရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၁၈-၁၀-၂၀၂၀)

| စဉ် | ခုနှစ် | တင်ပို့သည့်တန်ချိန် |
|---|---|---|
| ၆။ | ၂၀၁၅-၂၀၁၆ | ၂၄၆၉၇၀.၉၃ |
| ၇။ | ၂၀၁၆-၂၀၁၇ | ၂၉၀၅၈၀.၀၄ |
| ၈။ | ၂၀၁၇-၂၀၁၈ | ၃၉၄၁၃၅.၈၀ |
| ၉။ | ၂၀၁၈ (ဧပြီလ မှ စက်တင်ဘာလ) | ၁၄၇၈၀၂.၆၃ |
| ၁၀။ | ၂၀၁၈-၂၀၁၉ | ၃၈၂၁၃၅.၉၅[6] |

## ငါးမွေးမြူခြင်းဆိုင်ရာ တည်ဆဲဥပဒေများ

၉။ မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးလုပ်ငန်းအတွက် ပြဋ္ဌာန်းပေးထားသည့် တည်ဆဲဥပဒေ (၄) ခု ရှိပါသည်။ ၎င်းတို့မှာ-

(က) ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ ၂၄/၁၉၈၉၊

(ခ) မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ၉/၁၉၉၀ (ပင်လယ်ငါးလုပ်ငန်းဥပဒေ)၊

(ဂ) ရေချိုငါးလုပ်ငန်းဥပဒေ ၁/၁၉၉၁ (ရေချိုငါးလုပ်ငန်းဥပဒေ) နှင့်

(ဃ) နိုင်ငံခြားငါးဖမ်းရေယာဉ်များငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ၁၁/၁၉၈၉ တို့ဖြစ်ကြပါသည်။[7]

၁၀။ အဆိုပါဥပဒေ (၄) ခုမှ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေတို့ကို ၁၉၉၃ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့ပါသည်။[8] ရေချိုငါးလုပ်ငန်းဥပဒေကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရေးဆွဲပြဋ္ဌာန်း၍ ဥပဒေဖြစ်ပေါ်လာစေရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေနှင့် ပင်လယ်ငါးလုပ်ငန်းဥပဒေကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အသစ်ပြင်ဆင်ရေးဆွဲပြီး ၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်သို့ပေးပို့၍ ယခုအခါဆောင်ရွက်ဆဲဖြစ်ပါသည်။[9]

---

[6] Table-1 Fishery Production(2010-2011 to 2018-2019) ၊(Pg-65) ၊ Fishery Statistic 2019 မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၅-၁၁-၂၀၂၀)

[7] ငါးမွေးမြူရေးကဏ္ဍအတွက် ဥပဒေမူဘောင် ၊ အမျိုးသားအဆင့်ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NADP) ၏ Pg-14 မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက်စွဲ ၁၅-၁၁-၂၀၂၀)

[8] နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေစာကြည့်တိုက် https:// www.constitutionaltribunal. gov.mm/ lawdatabase/my/ali-law?page=3 မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၁၈-၁၁-၂၀၂၀)

[9] ခိုင်သဉ္ဇာဦး (မြင့်တင်၊ ပြည်တွင်း-ရန်ကုန်) ၊ငါးလုပ်ငန်းဥပဒေများ ပြန်လည်ရေးဆွဲလျက်ရှိ https://tinyurl.com/y5wxov7l စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရရှိပါသည်။(ကြည့်ရှုသည့်ရက်စွဲ ၂၀-၁၁-၂၀၂၀)

## စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍချိတ်ဆက်နေမှု

၁၁။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံဆောင်ရွက်သည့်နိုင်ငံဖြစ်သည်နှင့်အတူ စိုက်ပျိုးမွေးမြူရေးကို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောကဏ္ဍအဖြစ် အဓိကထားဆောင်ရွက်လျက်ရှိပါသည်။ ဆန်စပါးကို မြောက်မြားစွာ စိုက်ပျိုးနိုင်သော်လည်း ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချရန် အခက်အခဲများရှိနေပါသည်။ ထိုနည်းတူ အသားကဏ္ဍအနေဖြင့် ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ စသည်တို့ကို မွေးမြူထုတ်လုပ်နိုင်သော်လည်း နိုင်ငံတကာဈေးကွက်များသို့ တရားဝင်တင်ပို့နိုင်ရန် ကန့်သတ်မှုများစွာ ရှိနေပါသည်။

၁၂။ ငါးမွေးမြူရာတွင် အဓိကကျသောအစာကုန်ကြမ်းမှာ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများဖြစ်သည့် ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်၊ ပဲပုပ် စသည်များကို အများဆုံးအသုံးပြုရသဖြင့် ငါးအစာကုန်ကြမ်းအတွက်လိုအပ်သည့် စိုက်ပျိုးရေးထုတ်ကုန်များကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိပါသည်။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့အနေဖြင့် စိုက်ပျိုးရေးတောင်သူနှင့် ငါးမွေးမြူသူများကိုလုပ်ငန်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့်အဖွဲ့တစ်ဖွဲ့ ဦးဆောင်ဖွဲ့စည်းပြီး ငါးအစာကုန်ကြမ်းအတွက်လိုအပ်သည့် စိုက်ပျိုးရေးထုတ်ကုန်များကို ကြီးကြပ်ကွပ်ကဲနိုင်ပါက စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းတို့ကို သဟဇာတဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။[10] သို့မှသာ ငါးမွေးမြူရေးတိုးတက်လာလျှင် စိုက်ပျိုးရေးကဏ္ဍလည်း တိုးတက်လာမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍတိုးတက်လာပါက ငါးမွေးမြူရေးကဏ္ဍလည်း တိုးတက်လာမည်ဖြစ်ပါသည်။ ရေလုပ်ငန်းထုတ်ကုန်များသည် ဘေးကင်းလုံခြုံ၍ အန္တရာယ်ကင်းသော အစားအစာများအဖြစ် ထုတ်လုပ်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်များသို့ လွယ်ကူစွာရောင်းချနိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

---

[10] ဒေါက်တာတိုးနန္ဒာခင်၊ ခေတ်မီနည်းစနစ်ဖြင့် ငါးပုစွန်မွေးမြူကြပါစို့ ဆောင်းပါး https://www.mdn.gov.mm/my/khettmiinnnycncphng-ng-pucn-mekciu ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၂၂-၁၁-၂၀၂၀)

## ကြက်နှင့် ငါးတွဲဖက်မွေးမြူခြင်း၏ သက်ရောက်မှုများ

၁၃။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ငါးမွေးမြူရေးကန်များတွင် ကြက်နှင့် ငါးတွဲဖက်မွေးမြူလျက်ရှိပါသည်။ ကြက်နှင့်ငါးတွဲဖက်မွေးမြူခြင်းမှာ ငါးမွေးမြူရေးကန်များပေါ်တွင် တဲများထိုး၍ ကြက်မွေးမြူကြခြင်းဖြစ်ပါသည်။ ထိုမွေးမြူရေးပုံစံသည် ငါးကန်အပေါ်ရှိ ကြက်ခြံမှစွန့်ပစ်သည့် ကြက်ချေးများ၊ ကြက်စာအကြွင်းအကျန်များကို စားသုံးသည့်အတွက် ငါးများတွင် ဓာတုဓာတ်များရှိလာ၍ အဆိုပါငါးများကို စားသုံးပါက အန္တရာယ်ရှိနိုင်ပါသည်။ ထို့ပြင် ငါးနှင့်ကြက်တွဲဖက်မွေးမြူခြင်းသည် ငါးများတွင်ဓာတ်ကြွင်းများရှိနေ၍ ပို့ကုန်အရည်အသွေးကိုပါ ထိခိုက်စေသောကြောင့် ငါးလုပ်ငန်းရှင်များကကြက်နှင့်ငါးတွဲဖက်မွေးမြူရေးကို တားမြစ်ပေးရန် တောင်းဆိုမှုများရှိလာပါသည်။ ငါးကန်ဘောင်ပေါ်တွင် တိရစ္ဆာန်များနှင့် တွဲဖက်မွေးမြူခြင်းသည် ကျန်းမာရေးရှုထောင့် အရမှားယွင်းနေ၍ မြန်မာနိုင်ငံမှ ငါးအများစုကို ဓာတ်ခွဲစမ်းသပ်သည့်အခါ ဘက်တီးရီးယားပိုးများ တွေ့ရှိရပါသည်။ ပိုးမွှားပေါက်ဖွားမှုအရင်းအမြစ်သည် အဆိုပါတွဲဖက်မွေးမြူသည့်စနစ်ကို ကျင့်သုံးရာမှ အခြေခံခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ သတင်းအချက်အလက်အရ သိရှိရပါသည်။ တိရစ္ဆာန်များနှင့် တွဲဖက်မွေးမြူသည့်စနစ်မှာ တိရစ္ဆာန်မစင်များတွင် ရောဂါပိုးများပါဝင်ခြင်း မစင်စားသုံးမိသည့်ငါးများတွင် ရောဂါရှိနိုင်ပြီး စားသုံးသူများသို့ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် တရုတ်နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ဥပဒေတစ်ရပ်ထုတ်ပြန်၍ တွဲဖက်မွေးမြူသည့်စနစ်ကို ဖျက်သိမ်းခဲ့ပါသည်။

၁၄။ ကြက်နှင့် ငါးတွဲဖက်မွေးမြူရေးလုပ်ငန်းများကို ဖျက်သိမ်းလျှင် လုပ်ငန်းများ ထိခိုက်လာမည့်အပြင် လက်ရှိလုပ်ကိုင်နေကြသည့်လုပ်သားများအတွက် အလုပ်အကိုင်ဆုံးရှုံးမှုများကြုံတွေ့နိုင်ပါသည်။ ထို့ပြင် ကြက်နှင့်ငါးကို ခွဲခြားမွေးမြူရန် မြေနေရာခက်ခဲမှုများရှိလာ၍ မွေးမြူရေးလုပ်ငန်းများ လျော့ကျလာနိုင်ပါသည်။ သို့သော်လည်း တွဲဖက်မွေးမြူပါက ကြက်၏မစင်များမှထွက်ရှိသော ဓာတ်ကြွင်းများမှ ငါးကိုအဆိပ်အတောက်ဖြစ်စေကာ အန္တရာယ်ရှိသည့် ဓာတ်ကြွင်းများရှိနေ၍ ပို့ကုန်အရည်အသွေးနှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ရေထွက်ကုန် ပြည်ပပို့နေသူများ၏ဝင်ငွေနှင့် နိုင်ငံ့ဝင်ငွေကိုပါ ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စားသုံးသူအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးကို ပိုမိုဦးစားပေးသည့်အနေဖြင့် ကြက်နှင့်ငါးတွဲဖက်မွေးမြူရေးစနစ်ကို ရပ်တန့်ရေးအတွက် ပြင်ဆင်ရန်ဆောင်ရွက်နေဆဲဖြစ်ပါသည်။[11]

---

[11]ကြက်နှင့်ငါးတွဲဖက်မွေးမြူရေးစနစ် ဖျက်သိမ်းပါက လုပ်ငန်းများထိခိုက်ပြီး အလုပ်အကိုင်ဆုံးရှုံးမှုများမည် https://www.thefarmermedia.com/news/14364 The Farmer ဂျာနယ်အတွဲ (၂၃)၊ အမှတ်(၃၃၅)၊ အတွဲ (၂၆)၊ အမှတ် (၃၈၃)တို့မှရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၂၂-၁၁-၂၀၂၀)

## ရာသီဥတုပြောင်းလဲခြင်းကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ်သက်ရောက်မှုများ

၁၅။ ရာသီဥတုပြောင်းလဲမှုသည် ငါးမွေးမြူရေးကဏ္ဍအပေါ်တွင် ရေတိုနှင့်ရေရှည်အကျိုးသက်ရောက်မှုများစွာ ရှိပါသည်။ ရေကြီးခြင်းနှင့် လေမုန်တိုင်းများကြောင့် ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ ရောဂါဖြစ်ပွားမှုတို့ကြောင့် မွေးမြူရေးအခြေအနေများအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိသဖြင့် အထွက်နှုန်းလျော့ကျခြင်းကို ဖြစ်စေပါသည်။

၁၆။ မိုးရွာသွန်းမှုလျော့နည်းလာခြင်းနှင့်အတူ ရေချိုရရှိရန်ခက်ခဲလာခြင်းတို့သည် ငါးပုစွန်သားပေါက်ဖွားမှုနှုန်းကို လျော့နည်းစေပါသည်။ ရာသီဥတုပြောင်းလဲမှုတွင် ဖြစ်ပေါ်လာသောအပူချိန်နှင့် မိုးရွာသွန်းမှုပုံစံပြောင်းလဲခြင်း၊ ပင်လယ်သမုဒ္ဒရာများတွင် အက်စစ်ဓာတ်ပါဝင်မှုများပြားလာခြင်း၊ ရေထဲတွင် အောက်ဆီဂျင်ပျော်ဝင်ပျံ့နှံ့မှုကျဆင်းသွားခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းတို့သည် ငါးမွေးမြူရေးကဏ္ဍ၏ မွေးမြူရေးစနစ်တစ်ခုလုံးတို့အပေါ်အမျိုးမျိုးသော အတိုင်းအတာပမာဏဖြင့် ရေရှည်သက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။

၁၇။ မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးကဏ္ဍအား အထူးထိခိုက်စေသည့် သဘာဝဘေးအန္တရာယ်တစ်ခုမှာ ရေလွှမ်းမိုးမှုဖြစ်ပါသည်။ မကြာခဏဖြစ်ပွားတတ်သော ရေလွှမ်းမိုးမှုများကြောင့် ငါးကန်နှင့်ပုစွန်ကန်များ၊ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးကြရပြီး ငါးနှင့်ပုစွန်ထွက်ရှိမှု ပမာဏသိသိသာသာလျော့ကျသွားခြင်းတို့ကြောင့် လိုအပ်ချက်များပြည့်မီမှုတို့ကို ထိခိုက်စေပါသည်။[12]

## ငါးမွေးမြူရေးကဏ္ဍတွင် ကြုံတွေ့နေရသော အခက်အခဲများ

၁၈။ မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခက်အခဲများစွာရှိပါသည်။ ငါးအစာများကို အကန့်အသတ်ဖြင့်သာထုတ်လုပ်ရခြင်း၊ အရည်အသွေးမြင့်မားသော ငါးအစာများကို ပုံမှန်ထောက်ပံ့ဖြန့်ဖြူးပေးနိုင်စွမ်းမရှိခြင်း၊ ငါးမွေးကန်စီမံခန့်ခွဲမှုအားနည်း၍ ငါးအထွက်နှုန်းလျော့နည်းလာခြင်း၊ နည်းပညာပိုင်းလေ့ကျင့်သင်ကြားမှုနှင့် ပညာရေးဆိုင်ရာအခွင့်အလမ်းများမရှိခြင်းတို့နှင့်အတူ နည်းပညာပိုင်းဆိုင်ရာ တတ်ကျွမ်းမှုအားနည်းခြင်းစသည့် အခက်အခဲများရင်ဆိုင်ရလျက်ရှိပါသည်။ ထိုအခက်အခဲများအနက် အဓိကအချက်မှာ ပြည်ပဈေးကွက်တွင်

---

[12] ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိခြင်း၊ အမျိုးသားအဆင့်ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NADP) ၏ Pg-30 မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၂၃-၁၁-၂၀၂၀)

အကန့်အသတ်ဖြင့်ချိတ်ဆက်နေရခြင်း၊ အခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုမရှိခြင်း၊ ငွေကြေးအရင်းအနှီးရယူရန် လက်လှမ်းမမီခြင်းနှင့် နည်းပညာဆိုင်ရာ အရည်အသွေးများ၊ ပညာရှင်များ မလုံလောက်ခြင်းတို့ပင်ဖြစ်ပါသည်။[13]

## ငါးမွေးမြူရေးလုပ်ငန်း၏ လိုအပ်ချက်များ

၁၉။ ငါးလုပ်ငန်းများဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်နှင့်လျော်ညီသော ငါးလုပ်ငန်းဆိုင်ရာမူဝါဒများ၊ ဥပဒေများကို ချမှတ်ရန်လိုအပ်ပါသည်။ မွေးမြူရေးထုတ်ကုန်များကို သိုလှောင်ထိန်းသိမ်းနိုင်ရန် အအေးခန်းများလုံလောက်စွာမရှိသည့်အတွက် ကုန်စည်စီးဆင်းမှုတွင်လည်း နှေးကွေးလျက်ရှိပါသည်။ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးအတွက် အစိုးရအနေဖြင့် ကုန်သွယ်မှုစာချုပ်လွှာများ လက်မှတ်ရေးထိုးရန်မှာလည်း လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ အတိုးနှုန်းသက်သာသည့်ချေးငွေများ၊ အဆောက်အအုံလိုအပ်ချက်များအပါအဝင် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဘဏ်လုပ်ငန်းများဖြင့် ဆောင်ရွက်ပေးရန်လိုအပ်သည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြံပြုပြောကြားခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ခေတ်မီနည်းစနစ်ဖြင့် ရေထွက်ကုန်များ မွေးမြူထုတ်လုပ်နိုင်ရန် လိုအပ်ချက်များစွာရှိနေပါသည်။ ၎င်းတို့မှာ–

(က) လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်လိုအပ်ခြင်း (Infrastructure)၊

(ခ) ရောဂါကင်းဝေး၍ ကြီးထွားမှုနှုန်းကောင်းသော ငါး၊ ပုစွန်မျိုးစိတ်များ လိုအပ်ခြင်း၊

(ဂ) ကောင်းမွန်သော မွေးမြူရေးထုတ်လုပ်မှုနှင့် ကိုက်ညီသောသားဖောက်စခန်းများ (Hatcheries) နှင့် (Nurseries) များလိုအပ်ခြင်း၊

(ဃ) ကောင်းမွန်သောထုတ်လုပ်ရေးကျင့်စဉ်( Good Manufacturing Practices– GMP) စနစ်၊ ဖြစ်နိုင်ချေရှိသော ဘေးဥပါဒ်များကို ခွဲခြမ်းစိတ်ဖြာ ဖော်ထုတ်၍ ထိန်းချုပ်ခြင်းစနစ်(Hazard Analysis and Critical Control Points – HACCP) တို့နှင့် ကိုက်ညီသောပြုပြင်ထုတ်လုပ်သည့်စက်ရုံများ( BY Product Plants) လိုအပ်ခြင်း၊

---

[13] မြန်မာနိုင်ငံ၏ လက်ရှိငါးမွေးမြူရေး ကဏ္ဍ၏ အားနည်းချက်များ ဇယား–၃ ၊ အမျိုးသားအဆင့်ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း NADP pg–33 မှရရှိပါသည်။

(င) ကောင်းမွန်သောထုတ်လုပ်ရေးကျင့်စဉ်(GMP) စနစ်၊ ဖြစ်နိုင်ချေရှိသော ဘေးဥပါဒ်များကို ခွဲခြမ်းစိတ်ဖြာဖော်ထုတ်၍ ထိန်းချုပ်ခြင်း( HACCP) စနစ်တို့နှင့် ကိုက်ညီသောဘေးထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများ (By Product Plants) လိုအပ်ခြင်း၊

(စ) သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း(Research and Development ) လိုအပ်ခြင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ရန်လိုအပ်ခြင်း တို့ဖြစ်ပါသည်။[14]

## ကိုဗစ်-၁၉ ကာလအတွင်း ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများ

၂၀။ ကိုဗစ်-၁၉ ကာလအတွင်း မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများကို စစ်တမ်းကောက်ယူချက်အရ ဝယ်လိုအားကျဆင်းခြင်း၊ ကုန်စည်စီးဆင်းမှုတုံ့ဆိုင်းခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းခန့်ထိခိုက်ခဲ့ပြီး တစ်ပိုင်တစ်နိုင်နှင့် အလတ်စား မွေးမြူရေးလုပ်ငန်းများသည် ပိုမိုထိခိုက်ခံနေရကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရှိရပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရန် ကန့်သတ်ချက်များနှင့် ပိတ်သိမ်းမှုများကြောင့် ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ကမ္ဘာတစ်ဝန်း၌ စီးပွားဖြစ်ငါးဖမ်းလုပ်ငန်းများ ၆.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း Global Fishing Watch ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။ မြန်မာနိုင်ငံရှိ ငါးလုပ်ငန်းဦးစီးဌာနကလည်း ငါးလုပ်ငန်းအတွက် နိုင်ငံတော်က ထုတ်ပေးသည့် ငွေကျပ်သန်း ၆၀၀၀ ဖြင့် ငါးကန်ဧကပေါင်း ၁၅၀,၀၀၀တွင် ငါးမျိုးများ ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးလုပ်ငန်းများကို အစိုးရက ဖြေလျှော့ပေးသကဲ့သို့ ရေလုပ်ငန်းကဏ္ဍအတွက်လည်း ငါးသားပေါက်များကူညီပံ့ပိုးပေးခြင်း၊ ငါးဖမ်းရေယာဉ်များ၊ ဆိပ်ကမ်းများပြုပြင်ခြင်း၊ အအေးခန်းစက်ရုံများနှင့် ငါး၊ ပုစွန်မွေးမြူရေးကန်များအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများကူညီထောက်ပံ့ပေးရန်စီစဉ်လျက်ရှိပါသည်။[15]

၂၁။ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို ထိခိုက်စေပါသည်။ ထို့ကြောင့် အချို့သောငါးလုပ်ငန်းဆိုင်ရာ ကွင်းဆင်းစစ်တမ်းကောက်ယူ

---

[14] ဒေါက်တာတိုးနန္ဒာခင်၊ ခေတ်မီနည်းစနစ်ဖြင့် ငါးပုစွန်မွေးမြူကြပါစို့ ဆောင်းပါး https://www.mdn.gov.mm/my/khettmiinnnycncphng-ng-pucn-mekciu ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၂၂-၁၁-၂၀၂၀)

[15] The Farmer ဂျာနယ်အတွဲ (၂၃)၊ အမှတ်(၃၃၅)၊ https://www.thefarmermedia.com/news/ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၂၂-၁၁-၂၀၂၀)

အကဲဖြတ်ခြင်းလုပ်ငန်းများကို လျှော့ချခြင်းနှင့် အစီအစဉ်များရွှေ့ဆိုင်းခြင်း၊ မဖြစ်မနေလုပ်ဆောင်ရမည့် ငါးလုပ်ငန်းဆိုင်ရာ လေ့လာစောင့်ကြည့်ခြင်းအစီအစဉ်များကို ခေတ္တယာယီရပ်ဆိုင်းထားခြင်း၊ သိပ္ပံနှင့်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးများ ရွှေ့ဆိုင်းထားခြင်းများသည် အချို့သောလိုအပ်သည့်အစီအမံများ၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဥပဒေအတိုင်းလိုက်နာဆောင်ရွက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နှောင့်နှေးမှုကိုဖြစ်စေပါသည်။ COVID-19 ကပ်ရောဂါအလွန်တွင် ငါးမွေးမြူရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို အားဖြည့်ကူညီဆောင်ရွက်ပေးပါက နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် ရိက္ခာထုတ်လုပ်သည့်စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်မည် ဖြစ်ပါသည်။[16]

**အစိုးရနှင့်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ချက်များ**

၂၂။ ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် မျိုးငါးနှင့်ငါးသားပေါက်များထောက်ပံ့နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ငွေကျပ်သန်း ၆၀၀ ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင်ရေလုပ်သားများအတွက် ပင်လယ်ပြင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာသင်တန်းများကို ကမ်းရိုးတန်းဒေသ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ရန် ငွေကျပ်သန်း ၆၀ တို့ကို နိုင်ငံတော်အစိုးရမှ ခွင့်ပြုပေးခဲ့၍ အချိန်မီထောက်ပံ့နိုင်ရေးနှင့် သတ်မှတ်ကာလအတွင်းလုပ်ငန်းများအချိန်မီပြီးစီးရေးတို့အတွက် သက်ဆိုင်ရာဦးစီးဌာနများက ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၃။ နိုင်ငံတကာအကူအညီရရှိရေးဆောင်ရွက်မှုအဖြစ် ဥရောပသမဂ္ဂမှ Budget Support Program ဖြင့် အထောက်အပံ့များရရှိရန် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ်ကေပေါင်း ၆၈,၄၀၀ ကျော်အတွက် တစ်ကေလျှင် ကျပ် ၄၀,၀၀၀ တန်ဖိုးရှိ ငါးသားပေါက်များအား ဖြန့်ဖြူးပံ့ပိုးနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၂၄။ အလားတူပင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (JICA) မှ COVID-19 ကာလအတွင်း JICA စီမံကိန်းဆောင်ရွက်ခဲ့သည့် ဧရာဝတီ၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့နှင့် ပြည်နယ်များမှ မြို့နယ် ၁၈ မြို့နယ်ရှိ တစ်ပိုင်တစ်နိုင် ငါးမွေးကန်

[16] ခိုင်သဉ္ဇာဦး(မြင့်တင်၊ ပြည်တွင်း-ရန်ကုန်)ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် မြေအသုံးပြုမှုဆိုင်ရာမူဝါဒများပြောင်းလဲခဲ့ပြီ https://tinyurl.com/ y5vw9eb2 စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၂၉-၁၁-၂၀၂၀)

များနှင့် ငါးလုပ်ငန်းစခန်းများသို့ ငါးသားပေါက်များ၊ ငါးအစာများ၊ လုပ်ငန်းသုံးပစ္စည်းများ ကူညီပံ့ပိုးပေးနိုင်မည့် အစီအစဉ်များကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။[17] မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ခေတ်မီနည်းစနစ်များနှင့် လုပ်ဆောင်မည့် ပထမဆုံးခေတ်မီ မဟာဗျူဟာစီမံကိန်းကို ရေးဆွဲထားပါသည်။ ပန်းတနော်မြို့တွင် အကောင်အထည်ဖော်လျက်ရှိသောစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးသော ငါးသားပေါက်စခန်းဖြစ်ပြီး တစ်နေ့လျှင် ငါးသားပေါက် တစ်သန်းထုတ်လုပ်နိုင်ပါသည်။ ထို့ကြောင့် ကောင်းမွန်သော မွေးမြူရေးစနစ်ဖြစ်၍ အစာကျွေးရာတွင်လည်း ကောင်းမွန်သောစနစ်နှင့် ထုတ်ထားသော အစာကိုသာ ကျွေးသည့်စနစ်ဖြစ်ပါသည်။ ထိုငါးသားပေါက်စခန်းတွင် နိုင်ငံတကာကလက်ခံနိုင်မည့် ငါးတန်ငါးများကို စတင်မွေးမြူလျက်ရှိပါသည်။

**အာဆီယံနိုင်ငံ (၃) နိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းများ**

**၂၅။** (က) **ဖိလစ်ပိုင်နိုင်ငံ။** ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှရှိ ကျွန်းစုနိုင်ငံဖြစ်၍ ကျွန်းပေါင်း ၇၀၀၀ ကျော်ရှိပြီး အဓိကလုပ်ငန်းအဖြစ် ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ငါးလုပ်ငန်းဦးစီးဌာနသည် လယ်ယာစိုက်ပျိုးရေးဦးစီးဌာန၏လက်အောက်တွင်ရှိပြီး ငါးလုပ်ငန်းနှင့်ငါးမွေးမြူရေး အရင်းအမြစ်ဌာနသည် ငါးလုပ်ငန်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ယူရသောဌာန ဖြစ်ပါသည်။ ထို့ပြင် ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အမျိုးသားငါးလုပ်ငန်းသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဌာနကိုလည်း ဖွဲ့စည်းထားပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူများမှာ ခန့်မှန်းခြေအားဖြင့် လူဦးရေ ၁.၅ သန်းခန့်ရှိပါသည်။ ၂၀၁၂ ခုနှစ်တွင် စုစုပေါင်း ငါးတန်ချိန် ၃.၃ သန်းခန့်ဖြင့် ငါးအများဆုံးထုတ်လုပ်နိုင်ခဲ့ပါသည်။ ဒေသတွင်း ငါးထုတ်လုပ်မှုသည် ၂၀၁၉ ခုနှစ်မှစတင်၍ တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ငါးထုတ်လုပ်နိုင်မှုအချက်အလက်များအရ ၂၀၁၈ ခုနှစ်တွင် ၄.၃၆ သန်း၊ ၂၀၁၉ ခုနှစ်

---

[17] ဖေယျာငြိမ်း၊ ကိုဗစ်အလွန် မွေးမြူရေးနှင့် ရေလုပ်ငန်းပြန်လည်ဦးမော့စေရန် ငါးတင်၊ ငါးချဆိပ်ခံတံတား လုပ်ငန်းတစ်ခုလျှင် ကျပ်သန်း ၂၀၀ နှင့် ငါး၊ ပုစွန်ပြုပြင်မွမ်းမံထုတ်လုပ်သော စက်ရုံတစ်ရုံလျှင် ကျပ်သန်း ၁၀၀ နှုန်းဖြင့် SME ချေးငွေရရှိရေး တင်ပြထား ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၁ ရက်နေ့ထုတ် Eleven ဂျာနယ် https://news-eleven.com/article/179367 မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက်စွဲ ၂-၁၂-၂၀၂၀)

တွင် ၄.၄၂ သန်း တိုးတက်၍ ထုတ်လာနိုင်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ငါးထုတ်လုပ်မှုသည် မြင့်တက်လာခဲ့ပြီး တစ်နိုင်ငံလုံး ကုန်ထုတ်လုပ်မှု၏ ၅၃ ရာခိုင်နှုန်းသည် ငါးထုတ်လုပ်မှုမှဖြစ်သည်ကို တွေ့ရှိရပါသည်။[18] ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းများ မကြာခဏဖြစ်ပွားလေ့ရှိသောကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ မြေဆီလွှာတိုက်စားခြင်း၊ သန္တာကျောက်တန်းများ ပျက်စီးခြင်း၊ ငါးမွေးမြူရေးကန်များပျက်စီးခြင်းနှင့် ငါးသေဆုံးမှုများ ဖြစ်ပွားခြင်းစသည်တို့ကိုလည်း ရင်ဆိုင်ရလေ့ရှိပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် အာရှပစိဖိတ်ငါးလုပ်ငန်းကော်မရှင် (APFIC) ၊ တောင်ပိုင်းအပြာရောင် ပင်လယ်ငါး များထိန်းသိမ်းရေးကော်မရှင်(CCSBT)၊ အိန္ဒိယသမုဒ္ဒရာတူနာငါးကော်မရှင် (IOTC)၊ အတ္တလန္တိတ်သမုဒ္ဒရာ ထိန်းသိမ်းရေးအတွက် နိုင်ငံတကာကော်မရှင် (ICCAT)၊ အာရှပစိဖိတ်ရှိ ငါးမွေးမြူရေးကွန်ယက် (NACA)၊ အရှေ့တောင်အာရှငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုစင်တာ (SEAFDEC) နှင့် အနောက်ပိုင်းနှင့်ဗဟိုပစိဖိတ် ငါးလုပ်ငန်းကော်မရှင် (WCPFC) စသည့်အဖွဲ့များတွင်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်၍ ငါးမွေးမြူရေးလုပ်ငန်းကို တွင်ကျယ်စွာဆောင်ရွက်လျက်ရှိပါသည်။[19]

(ခ) **ဗီယက်နမ်နိုင်ငံ။** ဗီယက်နမ်နိုင်ငံသည် ၎င်းတို့၏ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစွာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံအနှံ့အလားအလာရှိ၍ မွေးမြူနိုင်စွမ်းရှိသည့် ဒေသများကိုရှာဖွေဖော်ထုတ်ကာ နိုင်ငံတကာဈေးကွက်မှ လိုအပ်သည့် ငါး၊ ပုစွန်မျိုးစိတ်များကို ရွေးချယ်၍ သင့်လျော်သည့် မွေးမြူရေးဇုန်များ တည်ထောင်သောမူဝါဒကို ကျင့်သုံးပါသည်။ မွေးမြူရေးကဏ္ဍကို ဇုန်ကြီးသုံးခုအဖြစ် ပိုင်းခြား၍ ဇုန်တစ်ခုချင်းစီတွင် ငါးလုပ်ငန်းဆိုင်ရာ သုတေသနဌာနချုပ်တစ်ခုစီ ထားရှိဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးနှင့် စားသုံးမှုများကို အချိုးညီစွာ

[18] Louise Maureen Simeon ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ထုတ် fisheris production improve in 2019 https://www.philstar.com/business/2020/02/01/1989352/fisheries-production-improves-2019 မှရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၅-၁၂-၂၀၂၀)

[19] Food and Agriculture Organization of the United Nation http://www.fao.org/fishery/facp/PHL/en မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၁၀-၁၂-၂၀၂၀)

ညှိနှိုင်း၍ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရန် ပြုပြင်ပြောင်းလဲမှုများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဗီယက်နမ်နိုင်ငံ၏ မဟာဗျူဟာစီမံကိန်းအရ နိုင်ငံတကာမှ လိုအပ်သည့် ရေထွက်ပစ္စည်းမျိုးစုံကို နိုင်ငံ၏ဒေသအလိုက် မွေးမြူထုတ်လုပ်နိုင်သည့် အလားအလာရှိသော အခြေအနေပေါ် မူတည်၍ မည်မျှထုတ်လုပ်မည်ဟု ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် ရေလုပ်ငန်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၀၀၀ (Us$ 11 billion) အထိ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၀၀၀ (US$ 20 billiom) အထိထုတ်လုပ်ရန် ရည်မှန်းချက်များထား၍ ဆောင်ရွက်လျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် မြေဟက်တာသန်းပေါင်း ၁.၂ သန်းခန့်ကို ရေထွက်ပစ္စည်းမြူးရေးလုပ်ငန်းများအတွက် ထပ်မံအသုံးပြုရန် အတည်ပြုထားပြီးဖြစ်ပါသည်။[20] ဗီယက်နမ်နိုင်ငံသည် ငါးလုပ်ငန်းဆိုင်ရာဥပဒေများ၊ မူဝါဒများ၊ စီမံကိန်းများကို စနစ်တကျအချိတ်အဆက်မိမိ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သဖြင့် ငါးလုပ်ငန်းကဏ္ဍတွင် နှစ်အနည်းငယ်အတွင်း နိုင်ငံစီးပွားရေးကိုများစွာ အထောက်အကူပြုပြီး အောင်မြင်တိုးတက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဂ) **ထိုင်းနိုင်ငံ။** ထိုင်းနိုင်ငံ၏ငါးမွေးမြူရေးလုပ်ငန်းသည် စားနပ်ရိက္ခာနှင့် စီးပွားရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ရေချိုငါးမွေးမြူရေးနှင့် ရေငန်ငါးမွေးမြူရေးဟူ၍ လုပ်ကိုင်ကြရာ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို အဓိကအားဖြင့် ပြည်တွင်းစားသုံးရန်အတွက် လုပ်ကိုင်ကြပြီး ရေငန်ငါးမွေးမြူရေးလုပ်ငန်းကို ပြည်ပပို့ကုန်အတွက် လုပ်ကိုင်ကြပါသည်။ ၂၀၀၃ ခုနှစ်တွင် ရေချိုနှင့် ရေငန်မွေးမြူမှုမှ စုစုပေါင်းထုတ်လုပ်မှုသည် ခန့်မှန်းခြေအားဖြင့် တန်ချိန် ၃၂၀,၀၀၀ နှင့် ၄၅၀,၀၀၀ ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စုစုပေါင်းရေထွက်ကုန်ထုတ်လုပ်မှုမှာ ၂.၄ သန်းရှိပြီး ကုန်းတွင်းငါးဖမ်းလုပ်ငန်းမှ တန်ချိန် ၁.၅ သန်းနှင့် ငါးမွေးမြူထုတ်လုပ်မှု

[20] ဒေါက်တာတိုးနန္ဒာခင်၊ ခေတ်မီနည်းစနစ်ဖြင့် ငါးပုစွန်မွေးမြူကြပါစို့ ဆောင်းပါး https://www.mdn.gov.mm/my/khettmiinnnycncphng-ng-pucn-mekciu ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ မှရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၁၅-၁၂-၂၀၂၀)

မှ ၀.၉ သန်းထုတ်လုပ်နိုင်ခဲ့ပါသည်။[21] ရေချိုငါးမွေးမြူရေးကို အဓိကအားဖြင့် စပါးခင်းများတွင် ငါးမျိုးများထည့်၍ လုပ်ကိုင်ကြပါသည်။ လက်ရှိတွင် ရေချိုငါးမျိုးစိတ် (၅၀) ကျော် မွေးမြူလျက်ရှိပါသည်။ အဓိက ရေချိုငါးမျိုးစိတ်များမှာ နိုင်းလ်တီလာဗီးယားငါး၊ မျိုးစပ်ငါးနှင့် ငွေတံပိုးငါးစသည့် အမျိုးအစားများဖြစ်ကြပါသည်။ ရေငံငါးမွေးမြူရေးလုပ်ငန်းကို ၁၉၇၃ ခုနှစ်မှစတင်၍ လုပ်ကိုင်ခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ်တွင် အသစ်ပြဋ္ဌာန်းခဲ့သော ငါးလုပ်ငန်းဆိုင်ရာဥပဒေအရ အမျိုးသားငါးမွေးမြူရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ အမျိုးသားငါး မွေးမြူရေးကော်မတီအား ငါးလုပ်ငန်းဆိုင်ရာမူဝါဒများချမှတ်ရန် လုပ်ပိုင်ခွင့်ပေးထားပါသည်။ ပြည်နယ်အဆင့်တွင် ငါးလုပ်ငန်းဆိုင်ရာမူဝါဒများကို ပြည်နယ်ငါးလုပ်ငန်းကော်မတီမှ ချမှတ်ပါသည်။ ထိုင်းနိုင်ငံသည် အာရှပစိဖိတ်ရှိ ငါးမွေးမြူ ရေးကွန်ယက် (NACA) နှင့် အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုစင်တာ (SEAFDEC) စသည့်အဖွဲ့များတွင် အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂၆။ အထက်ဖော်ပြပါ နိုင်ငံ(၃) နိုင်ငံကို လေ့လာကြည့်ပါက အောက်ပါအချက်များကို တွေ့ရှိရပါသည်-

(က) ငါးမွေးမြူရာတွင် နိုင်ငံတကာဈေးကွက်မှ လိုအပ်သည့် ငါးမျိုးစိတ်များကို ရွေးချယ်၍ မွေးမြူခြင်း၊

(ခ) ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ငါးလုပ်ငန်းဆိုင်ရာသုတေသနအဖွဲ့အစည်းများဖွဲ့စည်းထားရှိခြင်း၊

(ဂ) ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးနှင့် စားသုံးမှုများကို အချိုးညီစွာညှိနှိုင်း၍ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရန် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊

---

[21] Food and Agriculture Organization of the United Nation ၊ Production of fish in Thailand “Country brief” http://www.fao.org/fishery/facp/THA/en မှရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ ၁၆-၁၂-၂၀၂၀)

(ဃ) ငါးမွေးမြူရေးလုပ်ငန်းကို တွင်ကျယ်စွာဆောင်ရွက်နိုင်ရန် ငါးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းအများစုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိခြင်းနှင့်

(င) ငါးလုပ်ငန်းဆိုင်ရာဥပဒေများ၊ မူဝါဒများ၊ စီမံကိန်းများကို စနစ်တကျ အချိတ်အဆက်မိမိ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းတို့ဖြစ်ပါသည်။

**နိဂုံး**

၂၇။ ငါးရိက္ခာသည် နိုင်ငံသားများ၏ နေ့စဉ်လိုအပ်သည့်ရိက္ခာဖြစ်ခြင်း၊ ရေထွက်ပစ္စည်း ပြည်ပပို့ကုန်များတိုးတက်လာမည့် အလားအလာရှိခြင်းစသည့် အခွင့်အလမ်းများကြောင့် လိုအပ်ချက်များကို အားဖြည့်ကူညီဆောင်ရွက်ပေးပါက ငါးမွေးမြူရေးလုပ်ငန်းများသည် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် ရိက္ခာထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် အဓိကအခန်းကဏ္ဍမှ ဖြစ်ထွန်းလာမည့်အခြေအနေကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ပါသည်။[22] နိုင်ငံတကာဈေးကွက်တွင် နှစ်စဉ်လိုအပ်ချက် ဖြစ်ပေါ်လျက်ရှိသော ရေထွက်ကုန်ပစ္စည်းများကို ဖြည့်ဆည်းရန်အတွက် စနစ်တကျမွေးမြူ၍ အန္တရာယ်ကင်းသော အစားအစာအဖြစ် ထုတ်လုပ်နိုင်ပါက နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရယူဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၊ ငါးလုပ်ငန်းပညာရှင်များ၊ ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းရှင်များနှင့် နိုင်ငံသားများ စုပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ငါးလုပ်ငန်းကဏ္ဍမှ ဝင်ငွေများစွာ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်ဖူးဖူးကြိုင် (အငယ်တန်းစာရေး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[22] ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် မြေအသုံးပြုမှုဆိုင်ရာမူဝါဒများ ပြောင်းလဲခဲ့ပြီ https://tinyurl.com/y2ojyjj4 မှရရှိပါသည်။

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅